# မျက်မှောက်ရေးရာသိကောင်းစရာ

ပြည်တွင်းနှင့်ပြည်ပတွင်လတ်တလောဖြစ်ပေါ်လျက်ရှိသောထင်ရှားသည့်ဖြစ်စဉ်ဖြစ်ရပ်
တစ်ခုစီ၏သိကောင်းစရာအချက်အလက်များကိုစုစည်းပြုစု
ထားသည့်စာစောင်ဖြစ်ပါသည်။




## INTERNATIONAL COURT OF JUSTICE
## (အပြည်ပြည်ဆိုင်ရာတရားရုံး)

စောင်ရေအမှတ်(၁/၂၀၁၉)

အမျိုးသားလွှတ်တော်ရုံး၊သုတေသနပြည်သူ့ဆက်ဆံရေးနှင့်နိုင်ငံတကာဆက်ဆံရေးဌာနကြီး
မှထုတ်ဝေပါသည်။

ဤစာစောင်နှင့်ပတ်သက်၍သတိပြုရန်အချက်များအားနောက်ဆုံးစာမျက်နှာ တွင်ဖော်ပြထားပါသည်။

## အပြည်ပြည်ဆိုင်ရာ တရားရုံး (International Court of Justice)[၁]

### ရည်ရွယ်ချက်

၁။ ကုလသမဂ္ဂအဖွဲ့၏ ပင်မတရားစီရင်ရေး အဖွဲ့အစည်းဖြစ်သည့် အပြည်ပြည်ဆိုင်ရာ တရားရုံး (International Court of Justice) နှင့် စပ်လျဉ်း၍ သိရှိစေရန်

### နောက်ခံသမိုင်းကြောင်း

၂။ ၁၉၂၂ ခုနှစ်တွင် နိုင်ငံပေါင်းချုပ်အသင်းကြီးက နိုင်ငံတကာ တရားစီရင်ရေးဆိုင်ရာ အမြဲတမ်းတရားရုံး (the Permanent Court of International Justice – PCIJ) ကို တည်ထောင်ခဲ့ပြီး ၁၉၂၂ ခုနှစ်မှ ၁၉၄၀ ခုနှစ်ကာလများအတွင်း PCIJ သည် အမှုပေါင်း ၆၀ ခန့်ကို ကိုင်တွယ် ဖြေရှင်းပေးခဲ့သည်။

၃။ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလတွင် စတင်ဖြစ်ပွားခဲ့သော ဒုတိယကမ္ဘာစစ်သည် PCIJ အပေါ် သက်ရောက်မှုကြီးမားခဲ့ပြီး နှစ်အတန်ကြာသည်အထိ ၎င်း၏လုပ်ငန်းဆောင်တာများ လျော့နည်းခဲ့သည်။ ၁၉၃၉ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် အစည်းအဝေး (Public Sitting) မှာ နောက်ဆုံး ကျင်းပခဲ့သည့်အစည်းအဝေးဖြစ်ပြီး ထိုအချိန်မှစ၍ တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်ပတ်သက်ခြင်းမပြုတော့ဘဲ တရားရေးဆိုင်ရာ ရွေးကောက်ပွဲများကိုလည်း ထပ်မံ မကျင်းပတော့ပေ။

၄။ စစ်မက်ဖြစ်ပွားလာမှုများကြောင့် တရားရုံးကို ပြန်လည်ဖန်တီးရမည့်အတွေးများ ပေါ်ပေါက်လာပြီး ၁၉၄၂ ခုနှစ်တွင် အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး(Secretary of State)နှင့် ယူကေ နိုင်ငံခြားရေးဝန်ကြီး (Foreign Secretary) တို့သည် စစ်ကြီးပြီးဆုံးပါက အပြည်ပြည်ဆိုင်ရာတရားရုံးတစ်ရပ် ဖွဲ့စည်းရန် (သို့) ပြန်လည်ဖွဲ့စည်းရန် ကြေညာ ခဲ့သည်။

---

[၁] https://www.icj-cij.org/en

ထို့ပြင် အပြည်ပြည်ဆိုင်ရာ အမေရိကန်တရားစီရင်ရေးကော်မတီကလည်း PCIJ ၏ တရားစီရင်ပိုင်ခွင့်ကို ထပ်မံသက်တမ်းတိုးပေးရန် အကြံပြုတင်ပြခဲ့သည်။

၅။ ၁၉၄၃ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့တွင် တရုတ်၊ ဆိုဗီယက်ပြည်ထောင်စု၊ ယူကေနှင့် အမေရိကန်နိုင်ငံတို့အကြားပြုလုပ်ခဲ့သည့် ညီလာခံတွင် “ ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးသည့်နိုင်ငံတိုင်း၌ တူညီသောအချုပ်အခြာအာဏာရှိသည်ဟူသော မူဝါဒအပေါ် အခြေခံ၍ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံတိုင်းက အဖွဲ့ဝင်အဖြစ်ပါဝင်နိုင်သည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ရပ်ကို အမြန်ဆုံးဖွဲ့စည်းတည်ထောင်ရန်” ဟူသည့် ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

၆။ ထိုကြေညာချက်ကြောင့် Dumbarton Oaks တွင် မဟာမိတ်အင်အားကြီးနိုင်ငံ ၄ နိုင်ငံ (အမေရိကန်၊ ယူကေ၊ ဆိုဗီယက်ပြည်ထောင်စု နှင့် တရုတ်) တို့အကြား အပြန်အလှန်ဆွေးနွေးမှုများပြုလုပ်ခဲ့ကြပြီး ၁၉၄၄ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာတရားရုံး တစ်ရပ်ပါဝင်သည့် နိုင်ငံတကာအဖွဲ့အစည်းတစ်ရပ် တည်ထောင်ရေးအတွက် အဆိုပြုချက်များကို ထုတ်ပြန်ကြေညာခဲ့သည်။ ထို့နောက် ၁၉၄၅ ခုနှစ်၊ ဧပြီလတွင် အမေရိကန်နိုင်ငံ၊ ဝါရှင်တန်မြို့၌ နိုင်ငံပေါင်း ၄၄ နိုင်ငံကို ကိုယ်စားပြုသည့်ဂျူရီများ ပါဝင်သည့် ကော်မတီ အစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့ပြီး အစည်းအဝေး၌ အနာဂတ်တွင် ဖွဲ့စည်းမည့် အပြည်ပြည်ဆိုင်ရာတရားရုံး၏ နည်းဥပဒေ (Statute) မူကြမ်းကို ပြင်ဆင်ရေးဆွဲခဲ့ကြသည်။ ထိုနည်းဥပဒေသည် PCIJ ၏ နည်းဥပဒေအပေါ်တွင်အခြေခံ၍ ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်သည်။ ထိုနည်းဥပဒေနှင့် စပ်လျဉ်း၍ ၁၉၄၅ ခုနှစ်၊ ဇွန်လတွင် ကျင်းပခဲ့သည့် နိုင်ငံပေါင်း (၅၀) ပါဝင်သော ဆန်ဖရန်စစ္စကိုညီလာခံတွင် နောက်ဆုံးအတည်ပြုချက်ရယူခဲ့ပြီး တရားရုံးအသစ်တစ်ရပ်ကို ပြန်လည်ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့ကြကာ အပြည်ပြည်ဆိုင်ရာတရားရုံး၏ Statute ကို ကုလသမဂ္ဂပဋိညာဉ်စာချုပ်တွင် ထပ်မံ ဖြည့်စွက်ခဲ့သည်။

၇။ ယခုကဲ့သို့ အပြည်ပြည်ဆိုင်ရာတရားရုံးအသစ်တစ်ရပ် ထပ်မံဖွဲ့စည်းရခြင်း၏ အဓိက အကြောင်းရင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) တရားရုံးသည် ကုလသမဂ္ဂအဖွဲ့၏ တရားစီရင်ရေးဆိုင်ရာ ပင်မအဖွဲ့အစည်း ဖြစ်သဖြင့် နိုင်ငံပေါင်းချုပ်အသင်းကြီးနှင့် ချိတ်ဆက်နေသည့် PCIJ က ၎င်း တာဝန်ကို ထမ်းဆောင်ခြင်းမှာ မသင့်လျော်ခြင်း၊

(ခ) PCIJ ၏ Statute တွင်ပါဝင်သည့် နိုင်ငံအတော်များများသည် ဆန်ဖရန်စစ္စကို ညီလာခံတွင် ကိုယ်စားပြုတက်ရောက်နိုင်ခြင်းမရှိသကဲ့သို့ ညီလာခံ တက်ရောက်သည့် နိုင်ငံအများသည်လည်း Statute တွင် ပါဝင်ခြင်းမရှိသော ကြောင့် တရားရုံးအသစ်တစ်ရပ် ဖွဲ့စည်းခြင်းက ပိုမိုသင့်လျော်ခြင်း၊

(ဂ) PCIJ တွင် ဥရောပနိုင်ငံများသည် နိုင်ငံတကာအသိုက်အဝန်း၏ နိုင်ငံရေးနှင့် ဥပဒေရေးရာကိစ္စရပ်များအပေါ် လွှမ်းမိုးထားခဲ့သောကြောင့် တရားရုံးအသစ် တစ်ရပ်ဖွဲ့စည်းခြင်းဖြင့် ဥရောပမှမဟုတ်သည့်နိုင်ငံများ၏ တရားစီရင်ရေး ဆိုင်ရာ ကိစ္စရပ်များကို ပိုမိုဖြေရှင်းပေးနိုင်ခြင်း၊ (ထို့ကြောင့် ၁၉၄၅ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံပေါင်း ၅၁ နိုင်ငံမှ ၂၀၁၃ ခုနှစ်တွင် ၁၉၃ နိုင်ငံအထိ တိုးလာပါသည်။)

၈။ PCIJ သည် ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလတွင် နောက်ဆုံးတွေ့ဆုံခဲ့ကြပြီး စာရွက် စာတမ်းများအား ICJ သို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ တွင် PCIJ မှ တရားသူကြီးများသည် လုပ်ငန်းတာဝန်များမှ တရားဝင်နှုတ်ထွက်ခဲ့ကြပြီး ၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂအထွေထွေ ညီလာခံနှင့် လုံခြုံရေးကောင်စီ၏ ပထမဆုံးအစည်းအဝေးတွင် ပထမဆုံးသော ICJ အဖွဲ့ဝင် များ ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ ၁၉၄၆ ခုနှစ်၊ ဧပြီလတွင် PCIJ ကို တရားဝင် ဖျက်သိမ်းခဲ့ပြီး ၁၉၄၆ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)

သည် နိုင်ငံတကာ တရားစီရင်ရေးဆိုင်ရာ အမြဲတမ်း တရားရုံး (PCIJ) ၏နေရာကို ဆက်ခံခဲ့ပါသည်။[၂]

၉။ အပြည်ပြည်ဆိုင်ရာတရားရုံးသည် ကုလသမဂ္ဂ၏ အခြားပင်မအဖွဲ့အစည်း (၅)ခု တို့ကဲ့သို့ အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့တွင်မဟုတ်ဘဲ PCIJ ရုံးစိုက်ရာ နယ်သာလန်နိုင်ငံ၊ ဟိတ်မြို့ရှိ ငြိမ်းချမ်းရေးနန်းတော်တွင် ရုံးစိုက်ပြီး ရုံးသုံးဘာသာစကားများမှာ အင်္ဂလိပ်ဘာသာနှင့် ပြင်သစ်ဘာသာတို့ဖြစ်သည်။

**ပါဝင်ပတ်သက်သောနိုင်ငံများ**

၁၀။ ကုလသမဂ္ဂပဋိညာဉ်စာချုပ်၏ အခန်း (၁၄)၊ ပုဒ်မ (၉၃) အရ ကုသသမဂ္ဂအဖွဲ့ဝင်နိုင်ငံတိုင်းသည် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ၏ အဖွဲ့ဝင်နိုင်ငံဖြစ်ပါသည်။ ကုလသမဂ္ဂအဖွဲ့ဝင်မဟုတ်သောနိုင်ငံအနေဖြင့် အမှုကိစ္စပေါ်မူတည်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီထောက်ခံချက်ဖြင့် ကုလသမဂ္ဂအထွေထွေညီလာခံမှ ဆုံးဖြတ်ပေးပါက ICJ ၏ စာချုပ်တွင် ပါဝင်ရပါသည်။

**တာဝန်ဝတ္တရားများ**

၁၁။ အပြည်ပြည်ဆိုင်ရာတရားရုံး၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အဖွဲ့ဝင်နိုင်ငံများအကြားဖြစ်ပွားသော ဥပဒေရေးရာ အငြင်းပွားမှုပြဿနာများကို နိုင်ငံတကာဥပဒေနှင့်အညီ ဖြေရှင်းပေးခြင်း၊

(ခ) ကုလသမဂ္ဂအထွေထွေညီလာခံ၊ လုံခြုံရေးကောင်စီနှင့် အခြား ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် အထူးအဖွဲ့အစည်းများ၏ ဥပဒေရေးရာမေးခွန်းများအပေါ် အကြံပြုသုံးသပ်ချက်များပေးခြင်းတို့ ဖြစ်ပါသည်။

---

[၂] https://www.youtube.com/watch?v=DME-wfbt08c&t=888s

**အမှုအခင်းများ**

၁၂။ အပြည်ပြည်ဆိုင်ရာတရားရုံးသည် ရာဇဝတ်မှုတရားရုံးတစ်ခုမဟုတ်သောကြောင့် တစ်ဦးချင်းစီ၏ကိစ္စရပ်များမဟုတ်ဘဲ နိုင်ငံအချင်းချင်းအကြားဖြစ်ပွားသည့် အငြင်းပွားမှုကိစ္စများကိုသာ လက်ခံဖြေရှင်းပေးပါသည်။

၁၃။ အပြည်ပြည်ဆိုင်ရာတရားရုံးအနေဖြင့် ပထမဆုံး ကိုင်တွယ်ဖြေရှင်းခဲ့ရသည့်အမှုမှာ ၁၉၄၇ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် တင်သွင်းခဲ့သည့် ယူကေနှင့် အယ်ဘေးနီးယားနိုင်ငံတို့အကြားဖြစ်ပွားခဲ့သည့် ကော်ဖူးရေလက်ကြားကိစ္စ (Corfu Channel) ဖြစ်ပြီး ထိုအချိန်မှစ၍ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့အထိ တရားရုံးသို့ ရောက်ရှိလာသော အမှုပေါင်း ၁၇၇ ခု ရှိသည်။

**တရားစွဲဆိုခြင်း[၃] နှင့် တရားစီရင်ခြင်း[၄]**

၁၄။ နိုင်ငံများအနေဖြင့် ICJ တွင် ၎င်းတို့၏ အမြဲတမ်းကိုယ်စားလှယ်မရှိသဖြင့် ၎င်းတို့နိုင်ငံရှိ နိုင်ငံခြားရေးဝန်ကြီး (သို့မဟုတ်) နယ်သာလန်နိုင်ငံရှိ ၎င်းတို့နိုင်ငံ ဆိုင်ရာသံအမတ်မှတစ်ဆင့် ICJ ၏ အတွင်းရေးမှူးချုပ်ထံ ဆက်သွယ်ကြရသည်။ တရားခွင်တွင် အမှုရင်ဆိုင်ကြမည့်နိုင်ငံများအနေဖြင့် ၎င်းတို့နိုင်ငံကိုယ်စားပြု ကိုယ်စားလှယ်တစ်ဦးက အမှုနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို ဆောင်ရွက်ပါသည်။ ထိုကိုယ်စားလှယ်ကို အစိုးရမှ ခန့်အပ်တာဝန်ပေးထားခြင်းဖြစ်ပြီး အစိုးရမှဆောင်ရွက်ရန်လိုအပ်သည့်ကိစ္စရပ်အားလုံးကို ၎င်းက တာဝန်ယူဆောင်ရွက်ပါသည်။

၁၅။ တရားစွဲဆိုခြင်းကို အောက်ပါနည်းလမ်းများဖြင့် ဆောင်ရွက်နိုင်သည် -

---

[၃] https://www.icj-cij.org/en/how-the-court-works

[၄] https://www.icj-cij.org/en/contentious-jurisdiction

(က) **အထူးသဘောတူညီချက်တစ်ရပ်ပေးပို့ခြင်း။** ဤသဘောတူညီချက်ကို နှစ်နိုင်ငံ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာနိုင်ငံနိုင်ငံလုံးကဖြစ်စေ၊ တစ်နိုင်ငံတည်းကဖြစ်စေ တရားရုံးသို့ ပေးပို့တင်သွင်းနိုင်သည်။ ဤအမှုတွင် တိုင်ကြားသည့်နိုင်ငံနှင့် တရားစွဲဆိုခံရသည့်နိုင်ငံဟူ၍ မရှိသောကြောင့် တရားရုံးမှ ထုတ်ပြန်ကြေညာချက်များတွင် နိုင်ငံများ၏အမည်များကြားတွင် (/) သင်္ကေတ ထည့်သွင်း၍ ဖော်ပြပါသည်။ (ဥပမာ – A နိုင်ငံ/ B နိုင်ငံ)

(ခ) **နိုင်ငံတစ်နိုင်ငံမှ အခြားနိုင်ငံတစ်နိုင်ငံအပေါ် စွဲချက်တင်ခြင်း။** ဤအမှုတွင် တိုင်ကြားသည့်နိုင်ငံသည် မည်သည့်စာချုပ်၊ သို့မဟုတ် ကြေညာချက်ပေါ် အခြေခံ၍ တိုင်ကြားခြင်းဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း ဖော်ပြပေးရမည်။ ဤသို့ တစ်နိုင်ငံချင်းမှတိုင်ကြားသည့် အမှုများတွင် သက်ဆိုင်ရာနိုင်ငံများ၏ အမည်များအကြား (v.) ကို ထည့်သွင်း ဖော်ပြထားပါသည်။ (ဥပမာ – A နိုင်ငံ v. B နိုင်ငံ)

၁၆။ တရားစွဲဆိုရာတွင် စာဖြင့်ရေးသားတင်သွင်းခြင်းနှင့် နှုတ်ဖြင့်တင်သွင်းခြင်းတို့ ပါဝင်ပါသည်။ စာဖြင့်ရေးသားတင်သွင်းရာတွင် ၎င်းတို့တရားစွဲဆိုသည့်အချက်များ၊ အမှုနှင့် သက်ဆိုင်သည့်ဥပဒေအကြောင်းအရာများ အပြည့်အစုံပါဝင်သည့် လျှောက်လဲချက်များကို အပြန်အလှန် ပေးပို့တင်သွင်းကြပါသည်။ နှုတ်ဖြင့်တင်သွင်းခြင်းတွင် နိုင်ငံကိုယ်စားပြု ကိုယ်စားလှယ်များနှင့် ဥပဒေအကျိုးဆောင်များက တရားရုံးသို့ လျှောက်ထားတင်သွင်းကြသည့် လူထုကြားနာပွဲများ ပါဝင်ပါသည်။

၁၇။ နှုတ်ဖြင့်လျှောက်ထားထွက်ဆိုချက်များ ဆောင်ရွက်ပြီးပါက တရားရုံးက အများပြည်သူရှေ့မှောက်တွင် စီရင်ချက်ချပါသည်။ သက်ဆိုင်ရာနိုင်ငံများအနေဖြင့် အယူခံဝင်ခွင့်မရှိဘဲ တရားရုံး၏နောက်ဆုံးစီရင်ချက်သာ အတည်ဖြစ်သည်။

၁၈။ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) သည် ကမ္ဘာ့တရားရုံးအဖြစ် တာဝန်ယူဆောင်ရွက်ပြီး အဖွဲ့ဝင်နိုင်ငံအချင်းချင်းအကြား ဖြစ်ပွားသည့်အငြင်းပွားမှုများကို နိုင်ငံတကာဥပဒေနှင့်အညီ အဆုံးအဖြတ်ပေးပါသည်။ သက်ဆိုင်ရာနိုင်ငံများအနေဖြင့် ICJ ၏ တရားစီရင်မှုကို အသိအမှတ်ပြုလက်ခံမှသာ တရားရုံးအနေဖြင့် အငြင်းပွားမှုကို ကိုင်တွယ်ဖြေရှင်းပေးနိုင်သည်။ အမှုတစ်ခုချင်းစီကို ကိုင်တွယ်ရာတွင် သက်ဆိုင်ရာနိုင်ငံများက ၎င်းတို့၏အငြင်းပွားမှု ပြဿနာနှင့်စပ်လျဉ်း၍ ICJ ၏ ဆုံးဖြတ်ချက်ကို သဘောတူညီမှသာ တရားရုံးအနေဖြင့် တရားစီရင်နိုင်သည်။

၁၉။ တရားရုံးသည် ကျိုးကြောင်းဆီလျော်ပြီး မျှတသောတရားစီရင်ချက် ချမှတ်နိုင်ရေးအတွက် ၎င်းထံသို့တင်သွင်းလာသော အမှုနှင့်သက်ဆိုင်သည့်သက်သေများ၊ သက်ဆိုင်ရာနိုင်ငံများက တင်ပြလာသည့် ဥပဒေရေးရာ အငြင်းပွားမှုများနှင့် နိုင်ငံတကာဥပဒေတွင် ပါဝင်သည့် သက်ဆိုင်ရာ စည်းမျဉ်းဥပဒေများအားလုံးကို သေသေချာချာ ချင့်ချိန်စဉ်းစားဆုံးဖြတ်ရပါသည်။

၂၀။ ICJ Statute ၏ အခန်း (၂)၊ ပုဒ်မ (၃၈)၊ အပိုဒ်ခွဲ (က)၊ (ခ)၊ (ဂ) နှင့် (ဃ) တို့အရ ICJ အနေဖြင့် လိုက်နာကျင့်သုံးရမည့်ဥပဒေများမှာ အာဏာတည်နေသော နိုင်ငံတကာသဘောတူစာချုပ်များ၊ ကွန်ဗင်းရှင်းများ၊ နိုင်ငံတကာဓလေ့ထုံးတမ်းများ၊ ယေဘူယျ ဥပဒေအခြေခံသဘောတရားများ၊ တရားရေးအဆုံးအဖြတ်များဖြစ်ပါသည်။

၂၁။ သက်ဆိုင်ရာနိုင်ငံနှစ်နိုင်ငံသည် နှစ်နိုင်ငံအကြား ကျေအေးမှုဖြင့် တရားစွဲဆိုခြင်းကို မည်သည့် အခြေအနေတွင်မဆို အဆုံးသတ်ခြင်း (သို့) ရုပ်ဆိုင်းခြင်းတို့ ပြုလုပ်နိုင်သည်။ အမှုကိုရုပ်ဆိုင်းရာတွင် တိုင်ကြားသည့်နိုင်ငံဘက်မှ အမှုကို ဆက်လက်ဆောင်ရွက်လိုခြင်း မရှိတော့ကြောင်း တရားရုံးသို့ အချိန်မရွေး အကြောင်းကြား၍သော်လည်းကောင်း၊ နှစ်နိုင်ငံသဘောတူညီချက်ဖြင့် အမှုကိုရုတ်သိမ်းကြောင်း ကြေညာ၍သော်လည်းကောင်း ရုပ်ဆိုင်းနိုင်သည်။ ထိုအခါ တရားရုံးက အမှုကို စာရင်းထဲမှ ပယ်ဖျက်လိုက်ပါသည်။

## တရားရုံးဖွဲ့စည်းပုံ

၂၂။ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ကို တရားသူကြီး (၁၅)ဦးဖြင့် ဖွဲ့စည်းထားပြီး ၎င်းတို့ကို ကုလသမဂ္ဂအထွေထွေညီလာခံနှင့် လုံခြုံရေးကောင်စီတို့က ရွေးကောက်တင်မြှောက်ထားကာ သက်တမ်းမှာ (၉)နှစ်ဖြစ်သည်။ တရားသူကြီးနေရာ (၅)နေရာကိုမူ (၃)နှစ်တစ်ကြိမ် လဲလှယ်ပြီး တရားသူကြီးများကို ပြန်လည်ရွေးကောက်တင်မြှောက်နိုင်ပါသည်။ အပြည်ပြည် ဆိုင်ရာတရားရုံး (ICJ) ရှိ တရားသူကြီးများသည် ၎င်းတို့နိုင်ငံကို ကိုယ်စားမပြုသည့် သီးခြား လွတ်လပ်သော တရားသူကြီးများဖြစ်ကြသည်။ တရားသူကြီးများကို ပထဝီအနေအထားအရ အာဖရိကဒေသမှ (၃) နေရာ၊ လက်တင်အမေရိကနှင့် ကာရေဘီယံဒေသမှ (၂)နေရာ၊ အာရှ ဒေသမှ (၃) နေရာ၊ အနောက်ဥရောပနှင့် အခြားအနောက်နိုင်ငံများမှ (၅) နေရာနှင့် အရှေ့ ဥရောပဒေသမှ (၂) နေရာစီ အသီးသီးခန့်ထားပြီး တရားသူကြီးအဖွဲ့တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံ (၅)နိုင်ငံမှ တရားသူကြီး (၁)ဦးစီ အမြဲတမ်းပါဝင်ပါသည်။

၂၃။ တရားသူကြီးအဖွဲ့တွင် အမှုရင်ဆိုင်ကြမည့်နိုင်ငံ၏နိုင်ငံသား တရားသူကြီးများ ပါဝင်နေပါက ၎င်းတို့အနေဖြင့် ထိုအမှုကို စီရင်ရာတွင် ဆက်လက်ပါဝင်ဆောင်ရွက်ခွင့်ရှိပြီး မိမိတို့နိုင်ငံသားတရားသူကြီး ပါဝင်ခြင်းမရှိသည့် နိုင်ငံအနေဖြင့် တစ်စုံတစ်ဦးအား တရားသူကြီးအဖြစ် ဆောင်ရွက်စေရန် ရွေးချယ်ခွင့်ရှိကြောင်း အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) Statute ပုဒ်မ (၃၁) တွင် ဖော်ပြထားပါသည်။ ထိုပုဂ္ဂိုလ်ကို Judge ad hoc ဟုခေါ်ပြီး တရားသူကြီးလောင်းအဖြစ် ရွေးချယ်ခံထားရသူများထဲမှ မိမိနှစ်သက်ရာပုဂ္ဂိုလ်ကို ရွေးချယ်ခန့်အပ်နိုင်ပါသည်။ Judge ad hoc များအနေဖြင့် သက်ဆိုင်ရာအမှုများကိုတရားစီရင်ခြင်း ကိစ္စများတွင် ကျန်တရားသူကြီးများနည်းတူ ပါဝင်ဆောင်ရွက်ခွင့်ရှိပါသည်။[၅]

---

[၅] https://www.icj-cij.org/en/judges-ad-hoc

၂၄။ တရားရုံးသည် ၎င်း၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌနေရာများကို (၃)နှစ်တစ်ကြိမ် ရွေးကောက်တင်မြှောက်ပါသည်။ ဥက္ကဋ္ဌသည် အစည်းအဝေးများ အားလုံးကို တာဝန်ယူကျင်းပပေးပြီး တရားရုံး၏ လုပ်ငန်းဆောင်တာများကိုလည်း ညွှန်ကြားပေးသည့်အပြင် ရုံး၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကိုလည်း ကြီးကြပ်ကွပ်ကဲရပါသည်။ ဥက္ကဋ္ဌသည် အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့ရှိ အထွေထွေညီလာခံတွင် အပြည်ပြည်ဆိုင်ရာတရားရုံး၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို နှစ်စဉ်တင်ပြရပါသည်။ အစီရင်ခံစာတွင် တရားရုံး၏ ဖွဲ့စည်းပုံဆိုင်ရာ အကျဉ်းချုပ်မိတ်ဆက်၊ တရားစီရင်ရေးလုပ်ငန်းများ၊ တရားရုံးမှထုတ်ပြန်ချက်များ၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များနှင့် ဘတ်ဂျက်ကိစ္စတို့ ပါဝင်ပါသည်။[၆]

## ရုံးလုပ်ငန်းဆောင်ရွက်မှု

၂၅။ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) သည် ကုလသမဂ္ဂအထွေထွေအတွင်းရေးချုပ်က တာဝန်မခံရသည့် ကုလသမဂ္ဂ၏ တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်ပြီး ၎င်း၏ ရုံးလုပ်ငန်းများကို အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အတွင်းရေးမှူးချုပ်ရုံး (Registry) က တာဝန်ခံဆောင်ရွက်ပေးပါသည်။

၂၆။ ICJ သည် တရားရုံးတစ်ခုသာမက နိုင်ငံတကာအဖွဲ့အစည်းတစ်ရပ်လည်းဖြစ်သောကြောင့် အတွင်းရေးမှူးချုပ်ရုံးသည် အမှုသည်များဖြစ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံများ၏ တရားစီရင်ရေးကိစ္စများကို ကူညီဆောင်ရွက်ပေးရသည့်အပြင် အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူး ချုပ်ရုံးအဖြစ်လည်း တာဝန်ယူရပါသည်။

၂၇။ အတွင်းရေးမှူးချုပ်ရုံးတွင် ကုလသမဂ္ဂ၏ Assistant Secretary-General နှင့် ရာထူးချင်းညီမျှသည့် အတွင်းရေးမှူးချုပ်(Registrar)၊ ဒုတိယ အတွင်းရေးမှူးချုပ်၊ တရားရုံး (သို့မဟုတ်) အတွင်းရေးမှူးချုပ်ရုံးမှ ခန့်အပ်ထားသည့် ဝန်ထမ်း ၁၀၀ ကျော်နှင့် လုပ်ငန်းလိုအပ်ချက်အရ ယာယီခန့်အပ်ထားသော ဝန်ထမ်းတို့ ပါဝင်ပါသည်။

[၆] https://www.icj-cij.org/en/annual-reports

သုတေသနလုပ်ငန်းဆိုင်ရာစုံစမ်းမေးမြန်းမှုများပြုလုပ်ရန် (သို့မဟုတ်) သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့်နိုင်ငံတကာဆက်ဆံရေး ဌာနကြီးအားလာရောက်လေ့လာရန် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။


သုတေသန၊ပြည်သူ့ဆက်ဆံရေးနှင့်နိုင်ငံတကာဆက်ဆံရေးဌာနကြီး - အမျိုးသားလွှတ်တော် 1G ဆောင်၊ဒုတိယထပ်

တယ်လီဖုန်း - ၀၆၇-၅၉၃၂၃၅၊၀၆၇-၅၉၃၆၆၄၊

ဖက်စ် - ၀၆၇-၅၉၃၃၈၀


## သတိပြုရန်

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၄င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များ ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တစ်ပြေးညီ နောက်ဆုံးရ သတင်း ဖြစ်မည်ဟု သတ်မှတ်မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် (သို့မဟုတ်) ပညာရှင်ဆိုင်ရာ အကြံပေးချက်အဖြစ်မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် (သို့မဟုတ်) သတင်းအချက်အလက်များအား လိုအပ်ပါကအရည်အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်း ကျင်ပညာရှင် နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော်သုတေသနဝန်ဆောင်မှုဌာန သည် စာတမ်းတိုများတွင် ပါဝင်သော အကြောင်းအရာများအား လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန် ထမ်းများ နှင့်သာမျှဝေဆွေးနွေးသွားမည်ဖြစ်ပါသည်။ အများပြည်သူ နှင့် မျှဝေရန်မဟုတ်ပါ။